# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 9, 2024 Volume 81, Number 7


၉.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၁၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၃.၃ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၆.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၄.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၈၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၃၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၅၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် လေးလတာ ကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၁၈၀၀ ကျော် တင်ပို့နိုင်



မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် လေးလတာ ကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၁၈၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဇူလိုင်လ ၃၁ ရက်အထိ လေးလတာ ကာလအတွင်း ပြည်ပကို ပုစွန်မက်ထရစ်တန် ၁၈၈၅ ဒသမ ၁၁ တန် တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၅၇ သန်း ရရှိခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ လေးလတာ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၁၅၇၉ ဒသမ ၆၅၅ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၂၉ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၃၀၅ ဒသမ ၄၅၅ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၂၈ သန်း ရရှိသည့်အတွက် ပြည်ပသို့ စုစုပေါင်း ပုစွန်မက်ထရစ်တန် ၁၈၈၅ ဒသမ ၁၁ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၅၇ သန်း ရရှိထားခြင်းဖြစ်သည်။

ပြည်တွင်းမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်းသိရသည်။

Source: https://myawady.net.mm/

## ဗဟိုဘဏ်၏ ပို့ကုန်ရငွေမူဝါဒ အပြောင်းအလဲကြောင့် ပို့ကုန်ပဲများ အနည်းငယ်ဈေးမြင့်တက်လာ

ဗဟိုဘဏ်၏ ပို့ကုန်ရငွေမူဝါဒအပြောင်းအလဲကြောင့် ပို့ကုန်ပဲများ အနည်းငယ်ဈေးမြင့်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

ဗဟိုဘဏ်၏ ပို့ကုန်မူဝါဒ ၂၅ ရာခိုင်နှုန်း၊ ၇၅ ရာခိုင်နှုန်း သတ်မှတ်ချက်ကြောင့် မတ်ပဲနှင့်ပဲစင်းငုံ အရောင်းအဝယ်မှာ သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၁၀,၀၀၀ ခန့် ဈေးမြင့်တက်လာကြောင်း၊ ပြည်တွင်းသုံး ကုလားပဲအုပ်စုနှင့်ပဲမာလိုင်းများမှာ ဈေးငြိမ်လျက်ရှိနေကြောင်း ပြည်တွင်းဆီစက်ပိုင်များ၏ ဝယ်လိုအားကောင်းနေတာကြောင့် နှမ်းမျိုးစုံနှင့်မြေပဲဆန်မှာ ဝယ်လိုအားကောင်း ဈေးမြင့်တက်နေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်း ပွဲရုံ)က ပြောသည်။

“ပို့ကုန်ရငွေအပေါ် မူဝါဒအပြောင်းအလဲ သတ်မှတ်ချက်ကြောင့် ပို့ကုန်ပဲတွေဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံတို့ တစ်အိတ်ကို ငွေကျပ် ၁၀,၀၀၀ ခန့် ဈေးမြင့်တက်လာပါတယ်။ အခြားပြည်တွင်း ကုလားပဲနဲ့ပဲမာလိုင်းများကတော့ ဈေးငြိမ်နေပါတယ်။ နှမ်းမျိုးစုံနဲ့ မြေပဲဆန်ကတော့ ပြည်တွင်းဆီစက်ပိုင်တွေ ဝယ်လိုအားကောင်းလို့ ဈေးကကောင်းနေပါတယ်။ ပဲဈေးကွက်တစ်ခုလုံးမှာ ပို့ကုန်ပဲတွေက တက်ရိပ်ပြလာပေမဲ့ ပြည်တွင်းပဲတွေကတော့ စောင့်ကြည့်နေတဲ့သဘောပါ ”ဟု ၎င်းကပြောသည်။

ဩဂုတ် ၈ ရက်တွင် ပို့ကုန် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၃၂,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၃၈,၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးနှုန်းအတက်အကျ အနည်းငယ်သာရှိပြီး လက်ရှိဈေးတန်းက အောက်ခံဈေးတန်းဖြစ်လာရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၃,၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၀,၀၀၀ ပေါက်ဈေးဖြစ်လာသည်။

မြေပဲဆန်နှင့်နှမ်းမျိုးစုံ ဆက်လက်ဈေးမြင့်တက်နေရာ ဩဂုတ် ၈ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ ပဲပုပ်(ရှမ်း)တစ်အိတ်လျှင် ငွေကျပ် ၃၆၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၄၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၈၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၈,၅၀၀ ပေါက်ဈေးရှိနေသည်။

ဩဂုတ် ၈ ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး ဆက်လက်မြင့်တက်နေရာ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၆၀၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၄၀,၀၀၀၊ နှမ်းဖြူ(ရိုးရိုး) တစ်အိတ်လျှင် ငွေကျပ် ၄၂၀,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၆၅,၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ငွေကျပ် ၂၄၅,၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍သိရသည်။


ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက ငါးရံ့ခြောက်ပိဿာချိန် ၅၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ငါးရံ့ခြောက်ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်မြို့နှင့် အခြားဒေသများက ဝယ်ယူမှုအားကောင်းနေခြင်းကြောင့် တင်ပို့ရောင်းချမှု အားကောင်းလာခြင်းဖြစ်ကြောင်းသိရသည်။

"ကျိုက်လတ်မြို့နယ်က ငါးခြောက်အစုံကို ရန်ကုန်နဲ့အခြားဒေသတွေဆီ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လ အတွင်းက ငါးရံ့ခြောက်ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှုအားကောင်းနေပါတယ်။ ဈေးကတော့ ငါးခြောက်အကြီးအသေးအပေါ် မူတည်ပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတာကြောင့် ကုန်သည်တွေနဲ့ငါးခြောက်သိုလှောင်ထားသူတွေ အဆင်ပြေပါတယ်။ လက်ရှိဩဂုတ်လထဲမှာလဲ ငါးရံ့ခြောက်ဝယ်ယူမှုအားကောင်းနေပါတယ်" ဟု ကျိုက်လတ်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုကပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်သို့ လစဉ်စနစ်တကျ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ဒေသထွက် ငါးရံ့ခြောက် အကြီး၊ အသေးပေါ်မူတည်၍ တစ်ပိဿာလျှင် ငွေကျပ် ၂၀,၅၀၀ မှ ၁၄၀,၀၀၀ ထိ ဈေးပေါက်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြ၍သိရသည်။ ဖျာပုံမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် ဇွန်လအတွင်း မျှင်ငါးပိပိဿာချိန် ၆၄,၀၀၀ သာ တင်ပို့ရောင်းချ နိုင်ခဲ့ပြီး ဇူလိုင်က ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ တစ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၂၅,၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဖျာပုံဒေသထွက် မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က ပြီးခဲ့တဲ့ တစ်လအတွင်းနဲ့ အခုလက်ရှိ ဩဂုတ်လထဲမှာပါ မျှင်ငါးပိတွေဝယ်ယူမှုများနေပါတယ်။ အခုလိုမျှင်ငါးပိတွေ အရောင်းအဝယ်ကောင်းလာတော့ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေလာပါတယ်" ဟု ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသခံရေလုပ်သားများက ပင်လယ်ပြင်က ရရှိသော မျှင်ကောင်များကို ဝယ်ယူအသုံးပြုပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချနေခြင်း ဖြစ်ကြောင်း ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးထံမှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

**https://myantrade.gov.mm/article/naypyitaw**

## ထိုင်းနိုင်ငံ၊ ကုန်တင်ယာဉ်မောင်းများက ဒီဇယ်ဈေးလျှော့ချပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ခနှုန်းထား တိုးမြှင့်ပေးရန် အစိုးရထံ တောင်းဆိုခဲ့

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကုန်တင်ယာဉ်မောင်းများက ၎င်းတို့၏ ကုန်တင်ကားများ လမ်းကြောင်းပေါ်တွင် ဆက်လက် ရပ်တည်နိုင်ရေးအတွက် ဒီဇယ်ဈေးလျှော့ချပေးခြင်း သို့မဟုတ် မြင့်တက်လာသည့် စွမ်းအင်ခကို ကာမိစေရန် ကုန်သေတ္တာ သယ်ယူပို့ဆောင်ခနှုန်းထား တိုးမြှင့်ပေးရန် အစိုးရထံတောင်းဆိုလိုက်ကြောင်း သိရသည်။

မြောက်ပိုင်းသယ်ယူပို့ဆောင်ရေးအသင်း၏ အဖွဲ့ဝင်များဖြစ်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းပေါင်း ၇၀၀ ခန့်က ဝယ်ယူသည့် ကုန်တင်ယာဉ် ၁၀,၀၀၀ ၏ ထက်ဝက်ခန့်ကို အသုံးမပြုတော့ပါကြောင်း၊ ကုန်တင်ယာဉ်ပိုင်ရှင်များသည် ချေးငွေများပြန်ဆပ်ရန် ငွေကြေးမရှိသဖြင့် မော်တော်ယာဉ် ဘဏ္ဍာရေးကုမ္ပဏီများက အသုံးမပြုရသေးသော ကုန်တင်ယာဉ်များကို သိမ်းဆည်းခဲ့ကြကြောင်း၊ ကုန်တင်ယာဉ်ပိုင်ရှင်များ ရင်ဆိုင်နေရသည့် အဓိကအကြောင်းအရင်းမှာ ဒီဇယ်ဈေးမြင့်တက်လာခြင်းနှင့် ကုန်တင်ယာဉ်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများအတွက် ဝယ်လိုအားကျဆင်း လာခြင်းတို့ကြောင့်ဖြစ်ကြောင်း မြောက်ပိုင်းသယ်ယူပို့ဆောင်ရေးအသင်း ဥက္ကဋ္ဌ Mr. Wichai Sawang-khachon က ပြောကြားခဲ့သည်။

ဆုံးရှုံးမှုကို မကာမိသည့် လုပ်ငန်းရှင်အရေအတွက် မြင့်တက်လာပြီး လုပ်ငန်းနယ်ပယ်မှ ထွက်ခွာသွားကြပါကြောင်း၊ ယင်းကဲ့သို့သောအခြေအနေသည် ကိုဗစ်-၁၉ ကပ်ရောဂါ၏ စီးပွားရေးအပေါ် သက်ရောက်မှုမှအစပြု၍ ယခုအခါ ကုန်ကျစရိတ်မြင့်တက်လာခြင်းဖြင့် ပိုမိုဆိုးရွားလာပါကြောင်း၊ လာအိုရှိ ဒီဇယ် ၁ လီတာ ဈေးနှုန်းသည် ၃ ဒသမ ၇ ဘတ်သာရှိသဖြင့် ထိုင်းနိုင်ငံထက် ဈေးသက်သာပါကြောင်း၊ ဗီယက်နမ်ရှိ ကုန်တင်ယာဉ်ဈေးနှုန်းသည် ထိုင်းနိုင်ငံထက် ၂ ဆနီးပါး သက်သာပါကြောင်း၊ ထိုင်းနှင့်တရုတ် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်အရ တရုတ်ကုန်တင်ယာဉ်လုပ်ငန်းလုပ်ကိုင်သူများကို အခွန်ကင်းလွတ်ခွင့်ပေးခြင်းကြောင့် အခြေအနေပိုမိုဆိုးရွားလာနိုင်ကြောင်း၊ တရုတ်ကုန်တင်ယာဉ်လုပ်ငန်းလုပ်ကိုင်သူများသည် ထိုင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင် အသာစီးရနေပြီး ထိုင်းနှင့် အဆိုပါနိုင်ငံများအကြား လွတ်လပ်စွာလည်ပတ်လုပ်ကိုင်နေသည့် ယင်းနေရာတွင် ဝယ်ယူသူများရရှိရန် ပိုမိုလွယ်ကူနေပါကြောင်း အရှေ့မြောက်ပိုင်းသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုယူနီယံ ဥက္ကဋ္ဌ Mr. Somphon Hirunyasut က အခြေအနေကို သုံးသပ်ပြောကြားခဲ့သည်။

**Source:** www.bangkokpost.com

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံသည် ၇ လအတွင်း ကုန်သွယ်မှုပိုငွေဒေါ်လာ ၁၄ ဘီလီယံကျော်ဖြင့် စံချိန်တင်ခဲ့

ပြန်လည်သုံးသပ်ကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၄၄၀ ဘီလီယံနီးပါးရှိခဲ့ပြီး ပို့ကုန်စုစုပေါင်းမှာ ဒေါ်လာ ၂၂၆ ဒသမ ၉၈ ဘီလီယံနှင့် သွင်းကုန်စုစုပေါင်းမှာ ဒေါ်လာ ၂၁၂ ဒသမ ၉ ဘီလီယံဖြင့် နှစ်စဉ် ၁၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၁၈ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့သည်။ ပို့ကုန်တန်ဖိုး၏ ပြည်တွင်းကဏ္ဍသည် ၂၇ ဒသမ ၈ ရာခိုင်နှုန်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် ၁၆ ဒသမ ၉ ရာခိုင်နှုန်းမှ ၁၃၄ ဒသမ ၉ ဘီလီယံအထိ မြင့်တက်လာခဲ့သည်။ ဇူလိုင်လ တစ်လတည်းတွင် ကုန်သွယ်မှုတန်ဖိုးသည် ဒေါ်လာ ၆၉ ဒသမ ၇၂ ဘီလီယံသို့ရောက်ရှိခဲ့ပြီး ယမန်နှစ်အလားတူကာလထက် ၈ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ဇူလိုင်လတွင် ပို့ကုန်ဒေါ်လာ ၃၅ ဒသမ ၉၂ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၉ ဒသမ ၁ ရာခိုင်နှုန်း တိုးလာပြီး ၃၃ ဒသမ ၈ ဘီလီယံအထိမြင့်တက်ခဲ့သည်။

ဗီယက်နမ်စက်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုသတင်းအချက်အလက်ဗဟိုဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး (ဟောင်း) Le Quoc Phaung ၏ ပြောကြားချက်အရ ပို့ကုန်ဝင်ငွေဒေါ်လာ ၃၇၇ ဘီလီယံ သို့မဟုတ် ၂၀၂၄ ခုနှစ်တွင် တိုးတက်မှုနှုန်း ၆ ရာခိုင်နှုန်း အထိရောက်ရှိရန်ရည်မှန်းချက်မှာ အလှမ်းဝေးနေဆဲဖြစ်ကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံသည် ဆန်၊ ငရုတ်ကောင်းနှင့် အထည်အလိပ်စသည့် ကုန်ပစ္စည်းများစွာအတွက် ကမ္ဘာ့ထိပ်တန်းတင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး သွင်းကုန်ဈေးကွက်လိုအပ်ချက်များပြည့်မီရန်နှင့် နိုင်ငံအတွက် ထုတ်ကုန်အရည်အသွေး ဆက်လက်တိုးတက်နေစေရန် အရေးကြီးကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကုမ္ပဏီများသည် ဈေးကွက်တစ်ခုတည်း သို့မဟုတ် အများအပြားကို မှီခိုခြင်းအန္တရာယ်မှ လျှော့ချနိုင်ရန်အတွက် အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် တောင်အမေရိကတို့ကဲ့သို့သော နယ်ပယ်များသို့ ချဲ့ထွင်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနသည် UAE နှင့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အတွက် စေ့စပ်ညှိနှိုင်းမှုများကို အရှိန်မြှင့်လုပ်ဆောင်နေပြီး စီးပွားရေးလုပ်ငန်းများအတွက် အကျိုးသက်ရောက်မှုမရှိသော FTA များမြှင့်တင်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအတွက် သင့်လျော်သောထုတ်လုပ်မှုနှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ တည်ဆောက်နိုင်စေရန်အတွက် ဈေးကွက်မွမ်းမံမှု

များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု ကိုလည်း တိုးမြှင့်ရန် အာရုံစိုက်မည်ဖြစ်ကြောင်း စက်မှုနှင့်ကုန်သွယ်မှုဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားကုန်သွယ်မှုအေဂျင်စီ လက်ထောက်ညွှန်ကြားရေးမှူး Tran Thanh Hai ကပြောကြားခဲ့သည်။

**Source: brecorder**

**Source:** https://www.doca.gov.mm

## တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုတိုးတက်မှုနှုန်း အရှိန်နှေးကွေးလာ

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုတိုးတက်မှုနှုန်းသည် ဇူလိုင်လတွင် ကျဆင်းခဲ့ကြောင်းနှင့် ယခုနှစ်အစောပိုင်းတွင် ဉာဏ်ရည်တု (AI) နှင့် နည်းပညာကဏ္ဍများတွင် အရှိန်အဟုန်ဖြင့် တိုးတက်လာပြီးနောက် ကမ္ဘာ့ဝယ်လိုအား ကျဆင်းလာနိုင်ကြောင်း အကြံပြုထားကြသည်ကို Business Times သတင်းဌာနက ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ အကောက်ခွန်ရုံး၏ ဩဂုတ်လ ၁ ရက်တွင် ထုတ်ပြန်ထားသည့် အချက်အလက်များအရ အလုပ်လုပ်ရက်ကွာခြားမှုများရှိသော်လည်း အစောပိုင်းနှစ်ကုန်တင်ပို့မှုတွင် ၇ ဒသမ ၁ ရာခိုင်နှုန်း တိုးလာခဲ့ပြီး၊ ဇွန်လတွင် တိုးတက်မှုရာခိုင်နှုန်းမှာ အရှိန်လျှော့ကျလာကြောင်း၊ စုစုပေါင်းပို့ကုန်တင်ပို့မှုသည် ၁၃ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ပြီး မျှော်မှန်းထားသလောက် တိုးတက်မှုမရှိခဲ့ကြောင်းနှင့် စုစုပေါင်းသွင်းကုန်ပမာဏသည် ၁၀ ဒသမ ၅ ရာခိုင်နှုန်းတိုးလာခဲ့သော်လည်း ခန့်မှန်းထားသည်ထက် အနည်းငယ်လျော့နည်းခဲ့ခြင်းတို့ကြောင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ ရရှိခဲ့ကြောင်း အမှန်စာရင်းများအရ တွေ့ရှိရသည်။

ပို့ကုန်များတင်ပို့မှုမြှင့်တင်နိုင်ရေးသည် ၂၀၂၄ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး ၂ ရာခိုင်နှုန်း ပြန်လည်တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ယခုနှစ်အစတွင် မျှော်မှန်းထားသည့်အခြေအနေများထက် ပိုမိုအားကောင်းသည့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ခဲ့သော်လည်း ပြီးခဲ့သည့် သုံးလပတ်တွင် စီးပွားရေးကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

နိုင်ငံ၏စီးပွားရေး ပြန်လည်အားကောင်းလာစေရန် စီးပွားရေးမူဝါဒများဖြင့် အဓိကဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှုန်းသည် ယခင်အတိုင်းရှိနေမည်ဖြစ်ကြောင်း မူဝါဒချမှတ်သူများက ပြောကြားထားသည်။

တောင်ကိုရီးယားဗဟိုဘဏ်က လာမည့်ပထမနှစ်ဝက်တွင် ကမ္ဘာလုံးဆိုင်ရာ ချစ်ပ်ပြားထုတ်လုပ်မှုစုဝေးပွဲကို ဆက်လက်ကျင်းပရန်မျှော်လင့်ထားကြောင်းနှင့် အစိုးရတာဝန်ရှိသူများကလည်း စီးပွားရေးဈေးကွက်ရှိ အခြားကဏ္ဍများကိုပါ တိုးချဲ့ဆောင်ရွက်သွားနိုင်ရေး ပို့ကုန်တင်ပို့မှု ပြန်လည်အားကောင်းလာရန် မျှော်လင့်လျက်ရှိသည်။

ဆမ်ဆောင်းအီလက်ထရောနစ်၏ အစီရင်ခံစာအရ ဒုတိယနှစ်ဝက် ချစ်ပ်ပြားထုတ်လုပ်မှု အမြတ်ငွေသည် ယခင်နှစ်ကထက် ၁၅ ဆတိုးလာခဲ့ကြောင်း၊ အခြားသော အဓိကချစ်ပ်ပြားထုတ်လုပ်သူ SK Hynix ကလည်း ၎င်း၏ ဒုတိယသုံးလပတ်ဝင်ငွေသည် ၂ ဆကျော်တိုးလာပြီး ယခုနှစ်တွင် လုပ်ငန်းမတည်မှုကုန်ကျစရိတ်သည် အစောပိုင်းအစီအစဉ်များထက် ပိုမိုကုန်ကျနိုင်ကြောင်း ပြောကြားထားသည်။

**Source:** **https://www.businesstimes.com.sg/international/south-koreas-export-growth-slows-sign-bumpy-momentum**

**WTO ဌာနခွဲ**
**ကုန်သွယ်ရေးဦးစီးဌာန**

## အမေရိကန်စားသုံးသူများက သတိထား၍ ငွေကြေးသုံးစွဲလာကြသဖြင့် စီးပွားရေးကျဆင်းမှု အလားအလာ မြင့်တက်လာခဲ့ခြင်း

အမေရိကန်စားသုံးသူများက သတိထား၍ ငွေကြေးသုံးစွဲလာကြသဖြင့် စီးပွားရေးကျဆင်းမှု အလားအလာ မြင့်တက်လာခဲ့ကြောင်း The New York Times အွန်လိုင်းသတင်း၌ ၇-၈-၂၀၂၄ ရက်တွင် "Recession Risks Rise as Consumers Turn Cautious"

ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါကာလနောက်ပိုင်း အမေရိကန်စီးပွားရေးပြန်လည်နာလည်ထူလာစေရန် စားသုံးသူများ၏ ငွေကြေးသုံးစွဲမှုက များစွာပံ့ပိုးပေးနိုင်ခဲ့ပြီး ယခုအခါ စားသုံးသူများ၏ သုံးစွဲရန် ငွေကြေးလျော့နည်းလာသည်ကို စီးပွားရေး လုပ်ငန်းများကလည်း သတိထားမိလာကြောင်း၊ ကမ္ဘာ့စီးပွားရေးအခြေအနေ ပျက်ယွင်းလာခဲ့သော်ငြားလည်း စီးပွားရေး ပညာရှင်အများအပြားက လက်ရှိအခြေအနေသည် အထိတ်တလန့်ဖြစ်ရန် မလိုသေးကြောင်း၊ ဇူလိုင်လအတွင်းထုတ်ပြန်ခဲ့သည့် အလုပ်လက်မဲ့နှုန်းသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ နောက်ပိုင်းတွင် အမြင့်ဆုံးဖြစ်ခဲ့သော်လည်း စားသုံးသူများ၏ ငွေကြေး သုံးစွဲမှုသည် အတော်အသင့်တိုးတက်နေကြောင်း၊ လုပ်ခလစာတိုးနှုန်း နှေးကွေးလျက်ရှိသော်လည်း ဆက်လက်တိုးတက်လျက် ရှိကြောင်း၊ လုပ်ခလစာနည်းသည့် စားသုံးသူများအနေဖြင့် ဈေးနှုန်းမြင့်မားခြင်းနှင့် မြင့်မားသည့်အတိုးနှုန်းများအကြား ငွေကြေးသုံးစွဲရန် ချိန်ဆလျက်ရှိကြောင်း၊ အကြွေးဝယ်ကတ်အတွက် ပေးချေရမည့်ငွေကြေးကို ပေးချေနိုင်မှုမရှိသည့် အရေအတွက်မြင့်တက်လာခဲ့သကဲ့သို့ အိမ်ထောင်စုများကြွေးမြီ ပိုများလာခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း အမေရိကန် နိုင်ငံသားများသည် အခွန်ပေးဆောင်ပြီးနောက် ဝင်ငွေ၏ ၃ ဒသမ ၄ ရာခိုင်နှုန်းကိုသာ စုဆောင်းနိုင်ခဲ့ကြကြောင်း၊ အမေရိကန် နိုင်ငံသားများအနေဖြင့် ယခင်နှစ်ကာလတူတွင် ၄ ဒသမ ၈ ရာခိုင်နှုန်း စုဆောင်းနိုင်ခဲ့သဖြင့် ငွေကြေးစုဆောင်းနိုင်မှု ၁ ဒသမ ၄ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်း သိရှိရသည်။

ဒုတိယသုံးလပတ်အကုန်တွင် McDonald ကုမ္ပဏီ၏ တစ်ကမ္ဘာလုံးရှိ ရောင်းအားသည် ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဈေးသက်သာသည့် အစားအစာတစ်နပ်ကို အမေရိကန်ဒေါ်လာ ၅ ဒေါ်လာဖြင့် ရောင်းချရန် စားသုံးသူများသို့ ဆွဲဆောင်လျက် ရှိသကဲ့သို့ အခြားလူသိများသည့် အသင့်စားအစားအစာ တံဆိပ်များမှာလည်း အလားတူရောင်းအားမြင့်တင်နေရကြောင်း၊ Burger King ဆိုင်များတွင်လည်း “Your Way Meal” တစ်နပ်စာကို အမေရိကန်ဒေါ်လာ ၅ ဒေါ်လာဖြင့် ရောင်းချလျက်ရှိပါကြောင်း၊ ဈေးဝယ်သူများအနေဖြင့် ဈေးသက်သာသည့် ကုန်ပစ္စည်းများကို ဝယ်ယူလာကြပြီး ဈေးနှုန်းမြင့်မားသည့် ကုန်ပစ္စည်းများကို ဝယ်ယူမှု ကျဆင်းလာခဲ့သည်ဟု Amazon မှ Mr. Olsavsky က ပြောကြားခဲ့ကြောင်း၊ လူသိများသည့် Macy စတိုးဆိုင်ကုမ္ပဏီနှင့် Gap အမှတ်တံဆိပ် အဝတ်အထည်ကုမ္ပဏီတို့ကလည်း ဝယ်ယူစားသုံးသူများအနေဖြင့် ဖိအားများနှင့်ကြုံတွေ့လျက်ရှိပြီး ကုန်ပစ္စည်းများ ဝယ်ယူရာတွင် သတိထားပြီးရွေးချယ်လာခဲ့ကြသည်ဟုဆိုကြောင်း၊ ထို့ပြင် Walmart ကလည်း ငွေကြေးဖောင်းပွမှုကာလအတွင်း Gluten-free crackers နှင့် coconut-lime sparkling water စသည့် (A revamped private-label food line) စားသောက်ကုန်များကို ဝင်ငွေမြင့်မားသည့် ဈေးဝယ်သူများ ဆက်လက်ဝယ်ယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှန်တကယ်တွင် ယင်းစားသောက်ကုန် ၇၀ ရာခိုင်နှုန်း၏ ဈေးနှုန်းများမှာ အမေရိကန်ဒေါ်လာ ၅ ဒေါ်လာအောက်သာရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ဇူလိုင်လတွင် အလုပ်လက်မဲ့နှုန်း ၃ ဒသမ ၄ ရှိသည်ဟု ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်းတွင် နိုင်ငံသားများ အနေဖြင့် စီးပွားရေးကျဆင်းမှု (Recession) ဖြစ်လာမည်ကို စိုးရိမ်လာခဲ့ကြသည်။ စီးပွားရေးတိုးတက် ကောင်းမွန်လာစေရေးအတွက် စားသုံးသူများငွေကြေးသုံးစွဲမှုသည် အဓိကအရေးကြီးပြီး စီးပွားရေးတိုးတက်ရန် တွန်းအားတစ်ရပ် ဖြစ်ပါသဖြင့် အမေရိကန်နိုင်ငံ၏ ယခုကဲ့သို့သောအချိန်ကာလတွင် စားသုံးသူများငွေကြေးသုံးစွဲလာစေရန် စီးပွားရေးလုပ်ငန်းများအနေဖြင့် အရောင်းမြှင့်တင် နိုင်မည့်နည်းလမ်းများ အသုံးပြုလျက် စားသုံးသူများ၏ ငွေကြေးသုံးစွဲမှုတက်လာရန် တိုးမြှင့်လုပ်ဆောင်ရန်သင့်ပါကြောင်း သုံးသပ်ရပါသည်။

Source: **ခင်ဆွေဦး၊ စီးပွားရေးသံမှူး**

**ဝါရှင်တန်**

## STOCK EXCHANGE (9.8.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,012 (Shares) | 25,741,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 8,900 | 9,000 | 8,900 | 289 | 2,595,100 | 33,109,694 | 297,987 |
| MTSH | 00002 | 3,300 | -150 | -4.35% | 3,450 | 3,450 | 3,300 | 1,171 | 3,980,550 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 5 | 42,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | -50 | -2.78% | 1,750 | 1,800 | 1,750 | 8,060 | 14,420,000 | 29,664,613 | 51,913 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 21 | 58,800 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 166 | 288,250 | 19,977,223 | 33,961 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,500 | 4,600 | 4,500 | 22 | 101,100 | 10,497,598 | 48,289 |
| MAEX | 00008 | 3,300 | -100 | -2.94% | 3,350 | 3,350 | 3,300 | 1,278 | 4,255,300 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 9th Aug. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 404.23 | -5.12 | -1.25% | 406.18 | 407.53 | 403.48 | 11,012 | 25,741,100 | 8 | 762,445 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 9th Aug. 2024

| Trading Volume | Trading Value |
|---|---|
| 11,012 (Shares) | 25,741,100 (MMK) |

### Main Board

As of 1:00 pm, 9th Aug. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,012 (Shares) | 25,741,100 (MMK) |

| MYANPIX | 404.23 ▼ 5.12 |
|---|---|
| Total Volume (shares) | 11,012 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 762,445 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,300 | ▼ 150 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 1,750 | ▼ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,300 | ▼ 100 |

TIR